# ရှစ်ဆယ့်ရှစ် သင်ခန်းစာနှင့် မြန်မာ့အနာဂတ်

သတင်းရင်းမြစ် >
သောကြာနေ့၊ ဩဂုတ်လ ၀၉ ရက် ၂၀၁၃ ခုနှစ် ၀၈ နာရီ ၄၁ မိနစ်

ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးဖြစ်ပေါ်ခဲ့သည်မှာ ၂၅ နှစ် တင်းတင်းပြည့်၍ ငွေရတုသို့တိုင်ခဲ့ပေပြီ။ လွန်ခဲ့သည့် ၂၅ နှစ်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို ပြန်လည်လေ့လာကြည့် မည်ဆိုပါက ပြည်သူများက
တစ်ပါတီ အာဏာရှင်စနစ်ကို မနှစ်မြို့မှု၊ အစိုးရ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းမှု၊ လူထု၏ အထွေထွေ အကျပ်အတည်းများ
ကြောင့် မခံမရပ်နိုင်ဖြစ်လာရာမှ လူထုပေါက်ကွဲမှုများ ထွက်ပေါ်လာခြင်း ဖြစ်သည်။

လူထုကြီးတစ်ရပ်လုံး အထွေထွေအကျပ်အတည်းဖြစ်နေချိန်တွင် နိုင်ငံတစ်ခုအတွင်း လည်ပတ်နေသည့် ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် ကြေညာခဲ့မှုကဲ့သို့သော အစိုးရ၏ စီမံခန့်ခွဲမှုအမှားမျိုးကို သင်ခန်းစာ ယူရမည်ဖြစ်သည်။ လူထုအရေးတော်ပုံကြီး ဖြစ်ပေါ်လာသည်အခါ ငြိမ်းချမ်းစွာဖြေရှင်းရမည့်အစား အကြမ်းဖက် ဖြိုခွင်းနှိမ်နင်းခြင်းက
လည်း စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းပင်ဖြစ်သည်။

စစ်တပ်၏ ပစ်ခတ်နှိမ်နင်းခြင်းကြောင့် မိမိတို့နိုင်ငံသား ၃၅၀ ကျော် သေဆုံးခဲ့သည်ဟု အစိုးရက ထုတ်ပြန်ကြေညာ ခဲ့သည်။ ထိုမှတစ်ဆင့် စစ်တပ်က အာဏာသိမ်းမှုထပ်ဆင့်ဖြစ်ပေါ်ခဲ့ပြီး မြန်မာနိုင်ငံသည် အာဏာရှင်လက်အောက်
သို့ ကျရောက်သွားခဲ့ရသည်။

အကျိုးဆက်များအဖြစ် ပြည်ပနိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှု၊ သံတမန်ရေး ဆက်သွယ်မှုများ ဖြတ်တောက်မှုများ
ဖြင့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ နိမ့်ကျသွားခဲ့သည်။ ထိုမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုကြောင့်၊ လူငယ် ပညာတတ်များသာမက၊ မိမိနိုင်ငံအတွက် အလုပ်လုပ်ကိုင်နိုင်သည့် မြန်မာ့လူငယ်တို့ တိုင်းတပါးတွင် သွားရောက်အလုပ်လုပ်ကိုင်ရခြင်းတို့
ဖြစ်ပေါ်ခဲ့ကာ ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ရသည်။

အစိုးရ၏ စီမံခန့်ခွဲမှုအမှားများမှစတင်ခဲ့သည့် စစ်တပ်၏အာဏာသိမ်းမှုသည် နှစ် ၂၀ ကျော်ကြာပြီးနောက် မြန်မာနိုင်ငံသည် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးမှအစ ပြုပြင်ပြောင်းလဲ
ရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိနေပြီဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးနှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေး လုပ်ငန်းများမှအစ အတိတ်ကသင်ခန်း စာများကို ရယူကာ ညံ့ဖျင်းသည့် စီမံခန့်ခွဲမှုများမှ ဖယ်ရှောင်ကာဖွံ့ဖြိုးတိုးတက်သည့် မြန်မာ့အနာဂတ်ကို ထူထောင်နိုင်ကြရန် ရှစ်လေးလုံး လူထုအရေးတော်ပုံကြီး၏ ငွေရတုနေ့တွင် တိုက်တွန်းရေးသား လိုက်သည်။